# အိန္ဒိယနိုင်ငံသည် ရိုဟင်ဂျာဒုက္ခသည်များအား မြန်မာပြည်သို့ ပြန်မပို့သင့်ပါ။

၂၀၂၂ ခုနှစ် ဧပြီလ ၁၉ရက်

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) သည် မကြာသေးခင်က ချမှတ်ခဲ့သော အိန္ဒိယနိုင်ငံတရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကြောင့် ရိုဟင်ဂျာဒုက္ခသည်များအနေဖြင့် မြန်မာပြည်သို့ အတင်းအကြပ်ဖိအားပေး၍ ပြန်ပို့ခံရမည့် အရေးနှင့်ပတ်သတ်ပြီး အထူးစိုးရိမ်မှု ဖြစ်ရပါသည်။

၂၀၂၂ခုနှစ် ဧပြီလ၈ရက် နေ့တွင် အိန္ဒိယနိုင်ငံ တရားရုံးချုပ် သည် နိုင်ငံအတွင်းသို့ ရောက်ရှိနေသော ရိုဟင်ဂျာဒုက္ခသည်များအား အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် မြန်မာနိုင်ငံသို့ ပြန်ပို့မည်တို့ကို ကန့်ကွက်ဆန့်ကျင်သည့် လူထုအသနားခံစာကို ပယ်ချခဲ့သောကြောင့် ဒုက္ခသည်များအနေဖြင့် မြန်မာနိုင်ငံသို့ အတင်းအကြပ် ပြန်ပို့ခံရနိုင်သည့် အနေအထားသို့ ရောက်ရှိသွားပါသည်။ မြန်မာနိုင်ငံသို့ ပြန်ပို့ခံရပါက ရိုဟင်ဂျာ ဒုက္ခသည်များသည် အထူးစိုးရိမ်ဖွယ်ရာ ဖိနှိပ်ပန်းနှိပ်ဆက်မှုနှင့် ရင်ဆိုင်ရနိုင်ပြီး၊ ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ကြုံတွေ့လာနိုင်ရပါသည်။

SAC-M ၏ ပူးတွဲတည်ထောင်သူများ ဖြစ်သော Yanghee Lee, Marzuki Darusman နှင့် Chris Sidoti တို့သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းမှုကို လုပ်ကိုင်ခဲ့ဖူးသူနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေး မစ်ရှင်အဖွဲ့ဝင်ဟောင်းများ ဖြစ်ကြပြီး၊ ၎င်းတို့ တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလတစ်လျှောက်တွင် ရိုဟင်ဂျာများ အပေါ် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရက်စက်စွာကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် ရိုဟင်ဂျာများ ဆယ်စုနှစ်ပေါင်းများစွာ ကြာအောင် ခံစားနေခဲ့ရသည့် နှိပ်စက် ဖိနှိပ်ငြင်းပန်းမှုများကို ပြည့်ပြည့်စုံစုံ ကြိုးစားပြီး မှတ်တမ်းတင်ခဲ့သူများ ဖြစ်ကြပါသည်။ မှတ်တမ်းတင်ခဲ့သည့် ကျူးလွန်မှုတို့တွင်

နိုင်ငံတကာဥပဒေအရ အကြီးအမားဆုံး ရာဇဝတ်မှုများဖြစ်သည့် လူမျိုးတုံးသတ်ဖြတ်ခြင်း၊ လူသားမျိုးနွယ်တစ်ခုလုံးကို ဆန့်ကျင်၍ကျူးလွန်သည့် ရာဇဝတ်မှုများ နှင့် စစ်ရာဇဝတ်မှုများတို့ ပါဝင်ပါသည်။

မြန်မာစစ်တပ်သည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများအရ ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည်ကို ငြင်းဆန်ထားပြီး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်တပ်မှ ဆက်လက်၍ နိုင်ငံအတွင်း ကျူးလွန်နေသည့် ရာဇဝတ်မှုများကိုလည်း ငြင်းဆိုထားပါသည်။ ထို့ပြင် ရိုဟင်ဂျာများအပေါ် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တို့မှ ကျူးလွန်နေဆဲ နှင့် ကျူးလွန်ခဲ့ပြီးဖြစ်သည့် ကြီးမားသည့် လူ့ အခွင့်အရေးချိုးဖောက်မှုများကိုလည်း ငြင်းဆိုထားပါသည်။
စစ်တပ်အား ၎င်းတို့ကျူးလွန်ခဲ့မှုများကို ပြန်လည်တာဝန်ခံကာ သေချာစွာ အရေးယူမှုပြုလုပ်နိုင်သည့် တိကျသည့် မည်သည့် အဆင့်မျှ မပေါ်ထွန်းခဲ့သေးပါ။

စစ်တပ်သည် အရေးမယူခံရပဲဆက်လက်ရှိနေသည်။ထို့ကြောင့် ဖေဖော်ဝါရီလ ၁ရက်နေ့ က ပြုလုပ်ခဲ့သောအာဏာသိမ်းမှုကိုပင်ပြုလုပ်ခဲ့ပြီး၊နောက်ဆက်တွဲအနေဖြင့် အရပ်သားပြည်သူတို့အား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်နှိမ်နင်းမှုများ ပြုလုပ်လာခဲ့သည်။
မြန်မာစစ်တပ်သည် မြန်မာပြည်သူတစ်ရပ်လုံးအား အကြမ်းဖက်သတ်ဖြတ်မှုတို့ကို ဆင်နွှဲနေပြီး၊ ယခင်ကတည်းက နှိပ်စက်ငြင်းပန်းမှုများကို ခံစားလာခဲ့ရသော ပြည်တွင်းရှိ ရိုဟင်ဂျာများ၏ အခြေအနေမှာ ပို၍ဆိုးရွားလာဖွယ်ရာသာရှိပါတော့သည်။

အိန္ဒိယနိုင်ငံတရားရုံးချုပ်၏ အဆိုပါဆုံးဖြတ်ချက်သည် ရိုဟင်ဂျာဒုက္ခသည်များအား အဆိုပါ နိုင်ငံအတွင်းရှိ ရဲများနှင့် အခြား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးခြင်းနှင့် နှောင့်ယှက်မှုများ တိုးမြှင့်စွာ ပြုလုပ်လာမှုကြောင့် ရှိပြီးသား ခက်ခဲမှုအခြေအနေများမှ ပို၍ဆိုးရွားသော အခြေအနေသို့ ရောက်ရှိနေချိန်တွင် ပေါ်ထွက်လာခြင်းပါသည်။
ရိုဟင်ဂျာများကဲ့သို့ပင် မြန်မာနိုင်ငံမှ အခြား လူမျိုးစုများဖြစ်သော ချင်းလူမျိုးများနှင့် အခြား ဒုက္ခသည်များလည်း အိန္ဒိယနိုင်ငံတွင် နေထိုင်နေကြပါသည်။
မြန်မာပြည်တွင် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်ပိုင်း ပြည်တွင်းမှ လူတော်တော်များများ မှာ နယ်စပ်ကိုဖြတ်၍ ထွက်ပြေးလာကြကာ၊ ထိုထဲတွင် မိမိတို့အလုပ်မှထွက်ကာ နယ်စပ်သို့ထွက်ပြေးတိမ်းရှောင်လာကြသော မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း ပါဝင်ပါသည်။ ၎င်းတို့၏ အခြေအနေမှာ အထူးစိုးရိမ်ဖွယ်ရာ အနေအထားတွင် ရှိနေပါသည်။

မြန်မာပြည်အတွင်းရှိလက်ရှိဖြစ်ပွားနေသောဆိုးရွားသော အခြေအနေများကြောင့် မြန်မာပြည်တွင်းမှ ပြည်ပသို့ထွက်လာကာခိုလှုံခွင့်တောင်းခံသူမှန်သမျှကိုပြည်ပနိုင်ငံများမှမည်သူတစ်ဦးတစ်ယောက်ကိုမျှငြင်းဆိုခြင်းမပြုဘဲခိုလှုံခွင့်ပြုရမည်ဖြစ်ပြီး၊မည်သူ့ကိုမှအတင်းအကျပ်မြန်မာပြည်အတွင်းသို့ပြန်မပို့သင့်ပါ။ထိုသို့ပြုလုပ်ပါကနိုင်ငံတကာကလေးစားလိုက်နာသည့်မူတစ်ခုဖြစ်သည့်ခိုလှုံခွင့်တောင်းခံသူဒုက္ခသည်များအားအန္တရာယ်ရှိသည့်ယင်းတို့၏ပင်ရင်းနိုင်ငံကို အတင်းအကြပ်ပြန်မပို့ရေးမူ (principle of *non-refoulement*) ကိုချိုးဖောက်ရာ ရောက်ပါသည်။

နိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်(ICCPR)၏ အပိုဒ် ၆(အသက်ရှင်သန်ပိုင်ခွင့်)နှင့်အပိုဒ်၇(ညှဉ်းပန်းနှိပ်စက်ခံရခြင်းမှကင်းလွတ်ခွင့်)တို့အား လေးစားလိုက်နာပါမည်ဟု ကတိကဝတ်ပြုထားသော အိန္ဒိယနိုင်ငံ၏ ကတိကဝတ်များကလည်း ယင်းအခြေခံမူကို ပို၍အားကောင်းစေပြီး၊ အိန္ဒိယနိုင်ငံအား နိုင်ငံအတွင်းခိုလှုံခွင့်တောင်းခံသူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ သူတို့၏ ပင်ယင်းနိုင်ငံသို့ အတင်းအကြပ်ပြန်ပို့ကာ ၎င်းတို့၏ မူလနိုင်ငံတွင် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုများအား ခံစားစေနိုင်သည့် မည်သည့်အပြုအမူကို မဆို နိုင်ငံတော်မှ ပါဝင်ပြုလုပ်ခြင်းမှ တားမြစ်ထားသည်။

SAC-M အနေဖြင့် အိန္ဒိယနိုင်ငံအစိုးရအား ရိုဟင်ဂျာများနှင့် မြန်မာနိုင်ငံမှ အခြား လာရောက်ခိုလှုံသူများကို မြန်မာနိုင်ငံသို့ အတင်းအကြပ် (သို့မဟုတ်) နှင်ထုတ်ရန် ကြိုးပမ်းသည့် မည်သည့်ကြိုးပမ်းမှုမျိုးကိုမဆိုချက်ချင်းရပ်တန့်ရန်တောင်းဆိုလိုက်ပါသည်။လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေအရထိုကဲ့သို့လာရောက်ခိုလှုံသူများအားအတင်းအကြပ်ပြန်ပို့ခြင်းသည်အပြည်အပြည်

ဆိုင်ရာဥပဒေကို

အကြီးအကျယ်ချိုးဖောက်ရာရောက်ပါသည်။ရိုဟင်ဂျာများနှင့်တကွအခြားမြန်မာနိုင်ငံမှ

လာရောက်သူများကိုကန့်သတ်မဲ့ဖမ်းဆီးချုပ်နှောင်ထားခြင်းနှင့်မိမိတို့၏အခွင့်အရေးများအား

ကန့်သတ်ထားခြင်းတို့ဖြင့် ၎င်းတို့အား အိန္ဒိယနိုင်ငံမှ ထွက်ခွာသွားအောင် မပြုလုပ်သင့်ပေ။

SAC-Mသည် မြန်မာနိုင်ငံအတွင်း အာဏာသိမ်းမှုစဖြစ်ကတည်းက မြန်မာနိုင်ငံမှ မီဇိုရမ်ပြည်နယ်သို့

လာရောက်ခိုလှုံသူဒုက္ခသည်များကိုလက်ခံကာကူညီထောက်ပံ့ပေးထားသည့်

မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် နှင့်တကွ ပြည်နယ်အစိုးရတို့ကို အထူးလေးစားဂုဏ်ပြု ချီးကျူးပါသည်။

ယခုကဲ့သို့မြန်မာနိုင်ငံတွင်ဆိုးရွားသည့်အခြေအနေများဖြစ်ပေါ်နေချိန်တွင်ဒုက္ခသည်များအား

ကာကွယ်စောင့်ရှောက်ပေးကာ၎င်းတို့အားလုံခြုံစိတ်ချမှုပေး၍အခြေခံလူ့အခွင့်အရေးများ

ရနိုင်အောင် ပြုလုပ်ပေးခြင်းသည် အင်မတန်မှ အရေးကြီးပါသည်။

SAC-Mသည် အိန္ဒိယနိုင်ငံအစိုးရအား မြန်မာနိုင်ငံမှလာရောက်သည့်ရိုဟင်ဂျာများနှင့်

ဒုက္ခသည်အားလုံးတို့အား၎င်းတို့၏မြန်မာနိုင်ငံအတွင်းရှိအိမ်များအားလုံခြုံစိတ်ချစွာ

မပြန်နိုင်ခင်ကာလပတ်လုံး၎င်းတို့အားအကာအကွယ်နှင့်လုံခြုံမှုများပေးကာ၎င်းတို့၏

အခြေခံလူ့အခွင့်အရေးများကိုရရှိအောင် ပြုလုပ်ပေးရန် တောင်းဆိုလိုက်ပါသည်။ မကြာသေးခင်က

အသစ်ဖွဲ့စည်းလိုက်သောမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ(NUG)သည်လည်း

ယခုတောင်းဆိုချက်အား ထောက်ခံအားပေးသင့်ပါသည်။

အိန္ဒိယနိုင်ငံအစိုးရ နှင့် ကမ္ဘာပေါ်ရှိအစိုးရတိုင်းသည် ယခုအခါတွင် NUG အစိုးရကို အသိအမှတ်ပြု၍ ဖက်ဒရယ်ဒီမိုကရေစီကိုမြန်မာနိုင်ငံသို့ဆောင်ကျဉ်းပေးရန်၎င်းတို့နှင့်အတူတကွ ပူးတွဲဆောင်ရွက်သင့်ပါသည်။သို့မှသာမြန်မာနိုင်ငံတွင်စစ်တပ်မှ ၎င်းတို့ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက်အပြစ်ပေးခံရခြင်းမှလွတ်ကင်းနေမှုအားချုပ်ငြိမ်းကာရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ပြီး၊ထိုမှတစ်ဆင့်ဒုက္ခသည်များအားမိမိတို့နေရပ်သို့ မိမိတို့သဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိရှိ လုံခြုံစိတ်ချဘေးကင်းစွာ ပြန်နိုင်မည့် အခြေအနေများ ပေါ်ထွန်းလာမည်ဖြစ်ပါသည်။


**ပိုမိုသိရှိလိုပါက ဆက်သွယ်နိုင်ပါသည်**

Isabel Todd, SAC-M ညှိနှိုင်းရေးမှူး

Email: **info@specialadvisorycouncil.org**
Website: **specialadvisorycouncil.org**
Facebook: **facebook.com/SpecialCouncil**
Twitter: **@SpecialCouncil**